# 3 အများပိုင်အိမ်ယာ

ဒေသအစိုးရ၊ အများပိုင်စီးပွားရေးလုပ်ငန်းများမှ ဆောက်လုပ်ပေးသော အိမ်ယာကိုအများပိုင်အိမ်ယာဟုခေါ်သည်။ အများပိုင်အိမ်ယာအမျိုးအစား၊ ဝင်ရောက်နေထိုင်ခွင့်၊ လစ်လပ်အိမ်ခန်း အသိပေးကြေညာခြင်း၊ လျှောက်လွှာ လျှောက်ထားပုံစသည်တို့ကို မိတ်ဆက်ပေးပါမည်။

## 3-1 အများပိုင်အိမ်ယာအမျိုးအစားများ

အများပိုင်အိမ်ယာများတွင် ဒေသအစိုးရများ နှင့် အများပိုင်စီးပွားရေးလုပ်ငန်းများစသည်တို့က ဆောက်လုပ်ပေးသော အိမ်ယာများရှိသည်။ ဒေသဆိုင်ရာ အများပိုင်အဖွဲ့အစည်းများမှ ဆောက်လုပ်ပေးသော အများပိုင်အိမ်ယာများတွင် ခရိုင်အများပိုင်အိမ်ယာနှင့် မြို့နယ်အများပိုင်အိမ်ယာ စသဖြင့်ရှိပြီး အများပိုင်စီးပွားရေးလုပ်ငန်းများမှ ဆောက်လုပ်ပေးသော အများပိုင်အိမ်ယာများတွင် UR အဖွဲ့အစည်းမှ ဆောက်လုပ်သော UR အငှားအိမ်ယာ (မြို့ပြအဖွဲ့အစည်းအိမ်ယာ) စသည်တို့ရှိသည်။

## 3-2 ဝင်ရောက်နေထိုင်ခွင့်

မည်သည့်အများပိုင်အိမ်ယာတွင် မဆို တရားဝင်နေထိုင်သူမှတ်တမ်းတင်ထားသူများနှင့်၊ "သံတမန်" စသည့် နေထိုင်ခွင့်ရှိသူများဖြစ်ပြီး ဝင်ငွေအခြေခံသတ်မှတ်ချက်စသည်နှင့် ပတ်သက်၍လည်း ဝင်ရောက်နေထိုင်ခွင့်ကို အသေးစိတ် ဆုံးဖြတ်ထားရှိသည်။ အသေးစိတ်ကို ၎င်းအများပိုင်အိမ်ယာကို စီမံခန့်ခွဲသော ဒေသအစိုးရများ၊ UR အဖွဲ့အစည်းတို့ထံတွင် မေးမြန်းစုံစမ်းပါ။

## 3-3 လစ်လပ်အိမ်ခန်း အသိပေးကြေညာခြင်း

အများပိုင်အိမ်ယာသည် ပုံမှန်အချိန် သို့မဟုတ် ရုတ်တရက် လစ်လပ်နေရာကို ကြေညာလေ့ရှိသည်။ ခရိုင် အများပိုင်အိမ်ယာသည် ပုံမှန် တစ်နှစ်လျှင် လေးကြိမ် (ဇန်နဝါရီလ၊ ဧပြီလ၊ ဇူလိုင်လ၊ အောက်တိုဘာလ) တို့တွင် ကြေညာလေ့ရှိပြီး ယင်းကို မြို့နယ်ရုံးများတွင်လည်း ဖြန့်ဝေထားရှိသည်။

မြို့နယ်အများပိုင်အိမ်ယာသည် ယင်းသက်ဆိုင်ရာ မြို့နယ့်ပြည်သူ့ဆက်ဆံရေးစာစောင် စသည်တို့တွင် ထည့်သွင်း ဖော်ပြလေ့ရှိသည်။ ယင်းစာစောင်တို့သည် မြို့နယ်ရုံးများ နှင့် ဘူတာရုံများ စသည်တို့တွင် ထားရှိသည်။ ထို့အပြင် Chonai Kai အဖွဲ့များ၊ Jichi Kai အဖွဲ့များစသည်တို့မှ တဆင့်လည်း ဖြန့်ဝေထားရှိသည်။

URအငှားအိမ်ယာတို့သည် URအဖွဲ့အစည်း၏ Home Page မှတဆင့် မိမိမျှော်မှန်းသော အိမ်ကို ရှာဖွေပြီး လျှောက်ထားနိုင်သည်။

## 3-4 လျှောက်ထားပုံနည်းလမ်းများ

လျှောက်ထားခွင့်ရှိမှုကို သေချာစေပြီးနောက် သက်ဆိုင်ရာနေထိုင်ခွင့်လျှောက်လွှာပုံစံတွင် လိုအပ်သော စာရွက်စာတမ်းများကို ပူးတွဲ၍ လစ်လပ်အိမ်ခန်းနေရာကြေညာသော အများပိုင်အိမ်ယာ၏ တာဝန်ခံစသည်တို့ထံတွင် လျှောက်ထားရမည်။

## M နေထိုင်ခြင်း၊ ပြောင်းရွှေ့ခြင်း

M နေထိုင်ခြင်း၊ ပြောင်းရွှေ့ခြင်းထိပ်သို့

သို့သော် အများပိုင်အိမ်ယာသည် ဝင်ရောက်နေထိုင်လိုသူများပြားသောကြောင့် မဲစနစ်ဖြင့် နေထိုင်ခွင့်ရှိသူကို ရွေးချယ်ပါသည်။

အိမ်လခသည် ဝင်ငွေပေါ်မူတည်၍ ဆုံးဖြတ်ပြီး အိမ်လခအပြင် အများဝန်ဆောင်မှုစရိတ်၊ ကားပါကင်ကြေး စသည်တို့ ကျခံရန်လိုအပ်သည်။

| လိုအပ်သော စာရွက်စာတမ်း | လျှောက်ရန်နေရာ | အချိန် | အညွှန်း |
| --- | --- | --- | --- |
| 1 နေထိုင်ခွင့်လျှောက်လွှာ<br>2 နေထိုင်ရန်ဆန္ဒရှိသူအားလုံး၏ နေထိုင်သူမှတ်တမ်းစသည်<br>3 ဝင်ငွေအထောက်အထား စာရွက်စာတမ်းစသည်<br>4 ထို့အပြင်လိုအပ်ချက်ပေါ် မူတည်၍ တောင်းခံသည့် စာရွက်စာတမ်းများ ရှိသည်။ | လစ်လပ်နေရာ ကြေညာသော အများပိုင်အိမ်ယာ၏ တာဝန်ခံ | (မြို့နယ် အများပိုင်အိမ်ယာ၊ UR အငှားအိမ်ယာ)<br>ပုံသေ သို့မဟုတ် ရက်တရက် (ခရိုင်အများပိုင်အိမ်ယာ)<br>တစ်နှစ်လျှင် လေးကြိမ် (ဇန်နဝါရီလ၊ ဧပြီလ၊ ဇူလိုင်လ၊ အောက်တိုဘာလ) | အသေးစိတ်ကို အများပိုင်အိမ်ယာကို စီမံခန့်ခွဲသော ရုံးများ၊ UR အဖွဲ့အစည်းတို့တွင် မေးမြန်းစုံစမ်းပါ။ |